## ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ဘဝေါ ၊ ဘဝပစ္စယာ ဇာတိ ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၁။ **အဝိဇ္ဇာပစ္စယာ** = သစ္စာလေးပါး၌ မသိမှု အသိမှားမှု အဝိဇ္ဇာ အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊**သင်္ခါရာ** = ပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်း သင်္ခါရတို့သည်၊ **သမ္ဘဝန္တိ** = ထင်ရှား ဖြစ်ပွားလာကြကုန်၏။

၂။ **သင်္ခါရပစ္စယာ** = ယင်းပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်း သင်္ခါရ အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဝိညာဏံ** =ကမ္မဝိညာဏ်သည်၊ တစ်နည်းဝိပါက်ဝိညာဏ်သည် **သမ္ဘဝတိ** ထင်ရှားဖြစ်ပွားလာ၏။

၃။ (က) **ဝိညာဏပစ္စယာ** = ယင်းကမ္မဝိညာဏ် အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **နာမရူပံ** = ဝိပါက်နာမ်တရား ကမ္မဇရုပ်တရားသည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။



**ဒုက္ခနိရောဓေ** = ဒုက္ခ၏ ချုပ်ရာ နိရောဓ သစ္စာတရား၌၊ **အညာဏံ** = မသိခြင်းလည်းကောင်း၊ **ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ** = ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဖြူစင်မြင့်မြတ်သောကျင့်စဉ်ဟူသော မဂ္ဂသစ္စာတရား၌၊ **အညာဏံ** = မသိခြင်းလည်းကောင်း၊ **အယံ** = ဤမသိမှုကို၊ **အဝိဇ္ဇာ** = အဝိဇ္ဇာဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရောကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော။**

**တတ္ထ** = ထို ပါဠိတော်၌၊ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** = အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်သောသင်္ခါရတို့သည်၊ **ကတမေ** အဘယ်သည်တို့နည်းဟူမူကား **ပုညာဘိသင်္ခါရော** = ပုညာဘိသင်္ခါရလည်းကောင်း၊ **အပုညာဘိသင်္ခါရော** = အပုညာဘိသင်္ခါရလည်းကောင်း၊ **အာနေဉ္ဇာဘိသင်္ခါရော** = အာနေဉ္ဇာဘိသင်္ခါရလည်းကောင်း၊ **ကာယသင်္ခါရော** = ကာယသင်္ခါရလည်းကောင်း၊ **ဝစီသင်္ခါရော** = ဝစီသင်္ခါရလည်းကောင်း၊ **စိတ္တသင်္ခါရော** = စိတ္တသင်္ခါရလည်းကောင်းတည်း။

**တတ္ထ ကတမော ပုညာဘိသင်္ခါရော၊ကုသလာ စေတနာ ကာမာဝစရာ ရူပါဝစရာဒါနမယာ သီလမယာဘာဝနာမယာ၊ အယံ ဝုစ္စတိ ပုညာဘိသင်္ခါရော။**

**တတ္ထ** = ထိုသင်္ခါရတို့တွင်၊ **ပုညာဘိသင်္ခါရော** = ပုညာဘိသင်္ခါရဟူသည်၊ **ကတမော** = အဘယ်နည်း ?



**ဒါနမယာ** = ဒါနဖြင့်ပြီးသော၊ **သီလမယာ** = သီလဖြင့်ပြီးသော၊ **ဘာဝနာမယာ** = ဘာဝနာဖြင့်ပြီးသော၊**ကာမာဝစရာ** = ကာမာဝစရဘုံ၌ အကျုံးဝင်သော၊**ယာ ကုသလာ စေတနာ** = အကြင် မဟာကုသိုလ် စေတနာသည်လည်းကောင်း၊**ဘာဝနာမယာ** = သမထဘာဝနာ ဖြင့်ပြီးသော၊ (တစ်နည်း) အပ္ပနာဘာဝနာဖြင့်ပြီးသော၊ **ရူပါဝစရာ** = ရူပါဝစရဘုံ၌ အကျုံးဝင်သော၊**ယာ ကုသလာစေတနာ** = အကြင် ရူပါဝစရကုသိုလ် စေတနာသည်လည်းကောင်း၊ **အတ္ထိ** = ရှိ၏။ **အယံ** = ဤကာမာဝစရကုသိုလ်စေတနာ ရူပါဝစရ ကုသိုလ်စေတနာကို၊ **ပုညာဘိသင်္ခါရော*** = ပုညာဘိသင်္ခါရ ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

* မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(က)တွင်ရှုပါ။

**တတ္ထ ကတမော အပုညာဘိသင်္ခါရော အကုသလာ စေတနာ ကာမာဝစရာ၊ အယံ ဝုစ္စတိ အပုညာဘိသင်္ခါရော။**

**တတ္ထ** = ထိုသင်္ခါရတို့တွင်၊ အပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရဟူသည်၊ **ကတမော** = အဘယ်နည်း ?

**ကာမာဝစရာ** = ကာမာဝစရဘုံ၌ အကျုံးဝင်သော၊ **ယာ အကုသလာ စေတနာ** = အကြင် အကုသိုလ် စေတနာသည်၊ **အတ္ထိ** = ရှိ၏။ **အယံ** = ဤအကုသိုလ်စေတနာကို၊ **အပုညာဘိသင်္ခါရော*** = အပုညာဘိသင်္ခါရ ဟူ၍ **ဝုစ္စတိ** = ဆိုအပ်၏။ * မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(ခ)တွင်ရှုပါ။

**တတ္ထ ကတမော အာနေဉ္ဇာဘိသင်္ခါရော၊ကုသလာ စေတနာ အရူပါဝစရာ၊ အယံ ဝုစ္စတိ အာနေဉ္ဇာဘိသင်္ခါရော။**

**တတ္ထ** = ထိုသင်္ခါရတို့တွင်၊ **အာနေဉ္ဇာဘိသင်္ခါရော** = အာနေဉ္ဇာဘိသင်္ခါရဟူသည်၊ **ကတမော** = အဘယ်နည်း ?



**ဝေဒနာက္ခန္ဓော** = ဝေဒနာက္ခန္ဓာလည်းကောင်း၊ **သညာက္ခန္ဓော** = သညာက္ခန္ဓာလည်းကောင်း၊ **သင်္ခါရက္ခန္ဓော** = သင်္ခါရက္ခန္ဓာလည်းကောင်း **ဣဒံ** = ဤခန္ဓာသုံးပါးကို၊ **နာမံ*** = နာမ် ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

* မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(ဇ)တွင်ရှုပါ။

**တတ္ထ ကတမံ ရူပံ၊ စတ္တာရော မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ။**

**တတ္ထ** = ထိုနာမ်ရုပ်တို့တွင်၊ **ရူပံ** =ရုပ်သည်၊ **ကတမံ** = အဘယ်နည်း ?

**စတ္တာရော မဟာဘူတာ** = လေးပါးကုန်သော မဟာဘုတ်တို့လည်းကောင်း၊ **စတုန္နံ မဟာဘူတာနံ** = မဟာဘုတ်လေးပါးတို့ကို၊ **ဥပါဒါယရူပဉ္စ** = စွဲ၍ဖြစ်သော (၂၄)မျိုးသော ဥပါဒါရုပ်လည်းကောင်းတည်း။ **ဣဒံ** = ဤဘူတရုပ် ဥပါဒါရုပ်ကို၊ **ရူပံ*** ရုပ် ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

* မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(ဈ)တွင်ရှုပါ။

**ဣတိ ဣဒဉ္စ နာမံ ဣဒဉ္စ ရူပံ၊ ဣဒံ ဝုစ္စတိ ဝိညာဏပစ္စယာ နာမရူပံ။**

**ဣတိ** = ဤသို့လျှင်၊ **ဣဒဉ္စ နာမံ**=ဤနာမ်ကိုလည်းကောင်း **ဣဒဉ္စ ရူပံ** = ဤရုပ်ကိုလည်းကောင်း၊ **ဣဒံ** = ဤနာမ်ရုပ်ကို **ဝိညာဏပစ္စယာ နာမရူပံ** = ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမံ နာမရူပပစ္စယာ သဠာယတနံ၊စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ၊ ဣဒံ ဝုစ္စတိ နာမရူပပစ္စယာ သဠာယတနံ။**

**ဝိညာဏပစ္စယာ** = ဝိပါက်ဝိညာဏ် အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **နာမရူပံ** = ဝိပါက် စေတသိက်နာမ်, ဝိပါက် စိတ္တဇရုပ်သည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၄။ **နာမရူပပစ္စယာ** = ယင်းနာမ်ရုပ် အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **သဠာယတနံ** = အတွင်း-အာယတန (၆)ပါးသည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၅။ **သဠာယတနပစ္စယာ** = ယင်းအတွင်းအာယတန (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဖဿော** = ဖဿ (၆)ပါးသည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၆။ **ဖဿ ပစ္စယာ** = ယင်းဖဿ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဝေဒနာ** = ဝေဒနာ(၆)ပါးသည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၇။ **ဝေဒနာ ပစ္စယာ** = ယင်းဝေဒနာ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **တဏှာ** = တဏှာ(၆)ပါးသည်။ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၈။ **တဏှာပစ္စယာ** = ယင်းတဏှာ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဥပါဒါနံ** = စွဲလမ်းမှုဥပါဒါန် (၄) မျိုးသည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၉။ **ဥပါဒါနပစ္စယာ** = ယင်းစွဲလမ်းမှု ဥပါဒါန် (၄)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဘဝေါ** =ကမ္မဘဝ ဥပပတ္တိဘဝသည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။



၁၀။ **ဘဝပစ္စယာ** = ယင်းကမ္မဘဝ အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဇာတိ** = ပဋိသန္ဓေ တည်နေရခြင်း ဇာတိတရားသည်၊ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၁၁။ **ဇာတိပစ္စယာ** = ယင်းပဋိသန္ဓေ တည်နေရခြင်း ဇာတိအကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်၊ **ဇရာမရဏံ** = အိုခြင်း (ဇရာ), သေခြင်း (မရဏ)သည်လည်းကောင်း၊**သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ** = စိုးရိမ်ရခြင်း (သောက),ငိုကြွေးမြည်တမ်းရခြင်း (ပရိဒေဝ), ကိုယ်ဆင်းရဲရခြင်း (ဒုက္ခ)စိတ်ဆင်းရဲရခြင်း (ဒေါမနဿ), ပြင်းစွာပူပန်ရခြင်း (ဥပါယာသ)တရားတို့သည်လည်းကောင်း၊ **သမ္ဘဝန္တိ**= ထင်ရှား ဖြစ်ပွားလာကြကုန်၏။

**ဧဝံ** = ဤသို့လျှင်၊ **ကေဝလဿ** = ချမ်းသာမဖက် သက်သက်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ** = ဤဒုက္ခတုံးဒုက္ခအစုအပုံ၏၊ **သမုဒယော** = ဖြစ်ကြောင်းသည်၊ **သမုဒယော** = ဖြစ်ခြင်းသည်၊ **ဟောတိ** ဖြစ်ပေါ်၍လာပေ၏။

**(ဝိဘင်္ဂပါဠိတော်)**

**တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။**

**တတ္ထ** = ထိုအဝိဇ္ဇာပစ္စယာ သင်္ခါရာစသော ပါဠိတော်၌၊ **အဝိဇ္ဇာ** = အဝိဇ္ဇာဟူသည်၊ **ကတမာ** = အဘယ်နည်း ? **ဒုက္ခေ** = ဒုက္ခသစ္စာတရား၌၊ **အညာဏံ** = မသိခြင်းလည်းကောင်း၊ **ဒုက္ခသမုဒယေ** ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတရား၌၊ **အညာဏံ** = မသိခြင်းလည်းကောင်း။



**အရူပါဝစရာ** = အရူပါဝစရဘုံ၌ အကျုံးဝင်သော၊ **ယာ ကုသလာ စေတနာ** = အကြင် အရူပါဝစရကုသိုလ်စေတနာသည်၊**အတ္ထိ** = ရှိ၏။ **အယံ** = ဤအရူပါဝစရ ကုသိုလ်စေတနာကို **အာနေဉ္ဇာဘိသင်္ခါရော**[*] = အာနေဉ္ဇာဘိသင်္ခါရ ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

* မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(ဂ)တွင်ရှုပါ။

**တတ္ထ ကတမော ကာယသင်္ခါရော၊ကာယသဉ္စေတနာ ကာယသင်္ခါရော၊ ဝစီသဉ္စေတနာ ဝစီသင်္ခါရော၊မနောသဉ္စေတနာ စိတ္တသင်္ခါရော၊ ဣမေ ဝုစ္စန္တိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။**

**တတ္ထ** = ထိုသင်္ခါရတို့တွင်၊ **ကာယသင်္ခါရော** = ကာယသင်္ခါရဟူသည်၊ **ကတမော** = အဘယ်နည်း ?

**ကာယသဉ္စေတနာ** = ကာယဒွါရ၌ ဖြစ်သော ကာမကုသိုလ်စေတနာ, အကုသိုလ်စေတနာသည်၊ **ကာယသင်္ခါရော**[*] = ကာယသင်္ခါရ မည်၏။ * မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(ဃ)တွင်ရှုပါ။

**ဝစီသဉ္စေတနာ** = ဝစီဒွါရ၌ ဖြစ်သော ကာမကုသိုလ်စေတနာ အကုသိုလ်စေတနာသည်၊ **ဝစီသင်္ခါရော**[*] = ဝစီသင်္ခါရ မည်၏။

* မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(င)တွင်ရှုပါ။

၆။ **မနောသဉ္စေတနာ** = ဝိညတ်ရုပ် နှစ်မျိုးကို မဖြစ်စေမူ၍အလုံးစုံလည်းဖြစ်သောစေတနာသည်၊ **စိတ္တသင်္ခါရော**[*] = စိတ္တသင်္ခါရ မည်၏။ * မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(စ)တွင်ရှုပါ။

**ဣမေ** = ဤသင်္ခါရတို့ကို၊ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** = အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်သောသင်္ခါရတို့ဟူ၍၊ **ဝုစ္စန္တိ** = ဆိုအပ်ကုန်၏။

**တတ္ထ ကတမံ သင်္ခါရပစ္စယာ ဝိညာဏံ၊စက္ခုဝိညာဏံ သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှါဝိညာဏံကာယဝိညာဏံ မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိ သင်္ခါရပစ္စယာ ဝိညာဏံ။**



**တတ္ထ** = ထို ပါဠိတော်၌၊ **သင်္ခါရပစ္စယာ ဝိညာဏံ** =သင်္ခါရ ဟူသော အကြောင်းကြောင့် ဖြစ်သောဝိညာဏ်ဟူသည်၊ **ကတမံ** အဘယ်နည်း?

**စက္ခုဝိညာဏံ** = စက္ခုဝိညာဏ်လည်းကောင်း၊ **သောတဝိညာဏံ** = သောတဝိညာဏ်လည်းကောင်း၊ **ဃာနဝိညာဏံ** ဃာနဝိညာဏ်လည်းကောင်း၊ **ဇိဝှါဝိညာဏံ** ဇိဝှါဝိညာဏ်လည်းကောင်း **ကာယဝိညာဏံ** = ကာယဝိညာဏ်လည်းကောင်း၊ **မနောဝိညာဏံ** = မနောဝိညာဏ်လည်းကောင်း၊ **ဣဒံ** = ဤဝိညာဏ် (၆)မျိုးကို၊ **သင်္ခါရပစ္စယာ ဝိညာဏံ**[*] = သင်္ခါရ ဟူသော အကြောင်းကြောင့် ဖြစ်သောဝိညာဏ် ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

* မှတ်ချက် ။ ။နောက်ဆက်တွဲရှင်းလင်းချက်(ဆ)တွင်ရှုပါ။

**တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ၊ အတ္ထိ နာမံ၊ အတ္ထိ ရူပံ။**

**တတ္ထ** = ထို ပါဠိတော်၌၊ **ဝိညာဏပစ္စယာ နာမရူပံ** = ဝိညာဏ် ဟူသော အကြောင်းကြောင့် ဖြစ်သောနာမ်ရုပ်ဟူသည်၊ **ကတမံ** အဘယ်နည်း ?

**နာမံ** = နာမ်သည်၊ **အတ္ထိ** = ရှိ၏။ **ရူပံ** = ရုပ်သည်၊**အတ္ထိ** ရှိ၏။

**တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော၊ ဣဒံ ဝုစ္စတိ နာမံ။**

**တတ္ထ** = ထိုနာမ်ရုပ်တို့တွင်၊ **နာမံ** = နာမ်သည်၊ **ကတမံ** = အဘယ်နည်း?

**တတ္ထ** = ထို ပါဠိတော်၌၊ **နာမရူပပစ္စယာ သဠာယတနံ** = နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်သောသဠာယတနဟူသည်၊ **ကတမံ** = အဘယ်နည်း ?

**စက္ခာယတနံ** = စက္ခာယတနလည်းကောင်း၊ **သောတာယတနံ** သောတာယတနလည်းကောင်း၊ **ဃာနာယတနံ** = ဃာနာယတန လည်းကောင်း၊ **ဇိဝှါယတနံ** = ဇိဝှါယတနလည်းကောင်း၊ **ကာယာယတနံ** ကာယာယတနလည်းကောင်း၊ **မနာယတနံ** = မနာယတနလည်းကောင်း **ဣဒံ** = ဤအာယတန (၆)ပါးကို၊ **နာမရူပပစ္စယာ သဠာယတနံ** = နာမ်ရုပ်ဟူသော အကြောင်းကြောင့်ဖြစ်သော သဠာယတနဟူ၍၊ **ဝုစ္စတိ** ဆိုအပ်၏။

**တတ္ထ ကတမော သဠာယတနပစ္စယာ ဖဿော၊ စက္ခုသမ္ဖဿော သောတသမ္ဖဿော ဃာနသမ္ဖဿော ဇိဝှါသမ္ဖဿော ကာယသမ္ဖဿော မနောသမ္ဖဿော၊ အယံ ဝုစ္စတိ သဠာယတနပစ္စယာ ဖဿော။**

**တတ္ထ** = ထို ပါဠိတော်၌၊ **သဠာယတနပစ္စယာ ဖဿော** = သဠာယတနဟူသော အကြောင်းကြောင့်ဖြစ်သော ဖဿဟူသည် **ကတမော** = အဘယ်နည်း ?



**တတ္ထ ကတမံ တဏှာပစ္စယာ ဥပါဒါနံ၊ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ၊ ဣဒံ ဝုစ္စတိ တဏှာပစ္စယာ ဥပါဒါနံ။**

**တတ္ထ** = ထို ပါဠိတော်၌၊ **တဏှာပစ္စယာ ဥပါဒါနံ** = တဏှာဟူသော အကြောင်းကြောင့် ဖြစ်သော ဥပါဒါန်ဟူသည်၊ **ကတမံ** အဘယ်နည်း ?

**ကာမုပါဒါနံ** = ကာမဂုဏ်၌ စွဲလမ်းသော ကာမုပါဒါန် လည်းကောင်း၊ **ဒိဋ္ဌုပါဒါနံ** = မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူဝါဒ၌ စွဲလမ်းသောဒိဋ္ဌုပါဒါန်လည်းကောင်း၊ **သီလဗ္ဗတုပါဒါနံ** = မှားယွင်းသော ကျင့်စဉ်၌ စွဲလမ်းသော သီလဗ္ဗတုပါဒါန်လည်းကောင်း၊ **အတ္တဝါဒုပါဒါနံ** အတ္တဝါဒ၌ စွဲလမ်းသော အတ္တဝါဒုပါဒါန်လည်းကောင်း၊ **ဣဒံ** = ဤဥပါဒါန် လေးမျိုးကို၊ **တဏှာပစ္စယာ ဥပါဒါနံ** = တဏှာဟူသော အကြောင်းကြောင့် ဖြစ်သောဥပါဒါန်ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမော ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝေါ ဒုဝိဓေန အတ္ထိ ကမ္မဘဝေါ၊ အတ္ထိ ဥပပတ္တိဘဝေါ။**

**တတ္ထ** = ထို ပါဠိတော်၌၊ **ဥပါဒါနပစ္စယာ ဘဝေါ** = ဥပါဒါန်ဟူသော အကြောင်းကြောင့် ဖြစ်သော ဘဝဟူသည်၊ **ကတမော** အဘယ်နည်း ?

**ဘဝေါ** = ဘဝသည်၊ **ဒုဝိဓေန** = နှစ်မျိုးအပြားအားဖြင့် **အတ္ထိ** = ရှိ၏။ **ကမ္မဘဝေါ** = ကမ္မဘဝသည် (ဖြစ်ကြောင်းဘဝသည်) **အတ္ထိ** = ရှိ၏။ **ဥပပတ္တိဘဝေါ** = ဥပပတ္တိဘဝသည် (ဖြစ်ခြင်းဘဝသည်) **အတ္ထိ** = ရှိ၏။



**တတ္ထ ကတမော ကမ္မဘဝေါ၊ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော၊ အယံ ဝုစ္စတိကမ္မဘဝေါ။ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။ အယံ ဝုစ္စတိကမ္မဘဝေါ။ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။**

**တတ္ထ** = ထို နှစ်မျိုးတို့တွင်၊ **ကမ္မဘဝေါ** = ဖြစ်ကြောင်း ကမ္မဘဝသည်၊ **ကတမော** = အဘယ်နည်း ?

**ပုညာဘိသင်္ခါရော** = ပုညာဘိသင်္ခါရလည်းကောင်း၊**အပုညာဘိသင်္ခါရော** = အပုညာဘိသင်္ခါရလည်းကောင်း၊ **အာနေဉ္ဇာဘိသင်္ခါရော** အာနေဉ္ဇာဘိသင်္ခါရလည်းကောင်း၊ **အယံ** = ဤသင်္ခါရသုံးမျိုးကို **ကမ္မဘဝေါ** = ကမ္မဘဝဟူ၍ (ဖြစ်ကြောင်းဘဝဟူ၍)၊ **ဝုစ္စတိ** = ဆိုအပ်၏။

**သဗ္ဗမ္ပိ** = အလုံးစုံလည်းဖြစ်သော၊ **ဘဝဂါမိကမ္မံ** = ဘဝသို့ လားစေတတ် ရောက်စေတတ်သော ကံဟူသမျှသည်၊ **ကမ္မဘဝေါ** = ကမ္မဘဝ မည်၏။ (ဖြစ်ကြောင်းဘဝ မည်၏)။

**တတ္ထ ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ၊ ရူပဘဝေါ အရူပဘဝေါ၊ သညာဘဝေါ၊ အသညာဘဝေါ၊ နေဝသညာနာသညာဘဝေါ၊ ဧကဝေါကာရဘဝေါ၊ စတုဝေါကာရဘဝေါ၊ ပဉ္စဝေါကာရဘဝေါ၊ အယံ ဝုစ္စတိ ဥပပတ္တိဘဝေါ။**

**တတ္ထ** = ထို ဘဝ နှစ်မျိုးတို့တွင်။ **ဥပပတ္တိဘဝေါ** = ဥပပတ္တိဘဝသည်၊(ဖြစ်ခြင်းဘဝသည်)၊ **ကတမော=** အဘယ်နည်း ?



**တတ္ထ ကတမာ ဇရာ၊ ယာ တေသံတေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇရာ။**

**တတ္ထ** = ထို ဇရာမရဏ နှစ်မျိုးတို့တွင်၊ **ဇရာ** =အိုခြင်း ဇရာဟူသည်၊ **ကတမာ** = အဘယ်နည်း ?

**တေသံ တေသံ သတ္တာနံ** = ထိုထိုသို့သော သတ္တဝါတို့၏ **တမှိ တမှိ သတ္တနိကာယေ** = ထိုထိုသို့သောသတ္တဝါ အပေါင်း၌၊ **ယာ ဇရာ** = အကြင်အိုခြင်းသည်လည်းကောင်း၊ **ယာ ဇီရဏတာ** = အကြင် ဆွေးမြည့်သောအဖြစ်သည်လည်းကောင်း၊ **ယံ ခဏ္ဍိစ္စံ** =အကြင် သွားကျိုးသော အဖြစ်သည်လည်းကောင်း၊ **ယံ ပါလိစ္စံ** =အကြင် ဆံဖြူသော အဖြစ်သည်လည်းကောင်း၊ **ယာ ဝလိတ္တစတာ** = အကြင် အရေတွန့်သော အဖြစ်သည်လည်းကောင်း၊ **အာယုနော** = အသက်၏ **ယာ သံဟာနိ** = အကြင် ဆုတ်ယုတ်ခြင်းသည်လည်းကောင်း၊ **ဣန္ဒြိယာနံ**= ဣန္ဒြေတို့၏၊ **ယော ပရိပါကော** = အကြင် ရင့်ကျက်ခြင်းသည်လည်းကောင်း၊**အတ္ထိ** = ရှိ၏၊ **အယံ** = ဤသဘောတရားကို၊ **ဇရာ** = ဇရာဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမံ မရဏံ၊ ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ မရဏံ။**

**စက္ခုသမ္ဖဿော** = စက္ခုသမ္ဖဿလည်းကောင်း၊ **သောတသမ္ဖဿော** = သောတသမ္ဖဿလည်းကောင်း၊ **ဃာနသမ္ဖဿော** = ဃာနသမ္ဖဿလည်းကောင်း၊ **ဇိဝှါသမ္ဖဿော** = ဇိဝှါသမ္ဖဿလည်းကောင်း၊ **ကာယသမ္ဖဿော** = ကာယသမ္ဖဿလည်းကောင်း၊ **မနောသမ္ဖဿော** = မနောသမ္ဖဿလည်းကောင်း၊ **အယံ** ဤဖဿ (၆)ပါးကို၊ **သဠာယတနပစ္စယာ ဖဿော** = သဠာယတနဟူသော အကြောင်းကြောင့်ဖြစ်သော ဖဿဟူ၍၊ **ဝုစ္စတိ** ဆိုအပ်၏။

**တတ္ထ ကတမာ ဖဿပစ္စယာ ဝေဒနာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ သောတသမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာဝေဒနာ ဇိဝှါသမ္ဖဿဇာ ဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ၊ အယံဝုစ္စတိ ဖဿပစ္စယာ ဝေဒနာ။**

**တတ္ထ** = ထို ပါဠိတော်၌၊ **ဖဿပစ္စယာ ဝေဒနာ** = ဖဿဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာဟူသည်၊ **ကတမာ** အဘယ်နည်း ?

**စက္ခုသမ္ဖဿဇာ ဝေဒနာ** = စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း၊ **သောတသမ္ဖဿဇာ ဝေဒနာ** = သောတသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း၊ **ဃာနသမ္ဖဿဇာ ဝေဒနာ** = ဃာနသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း၊ **ဇိဝှါသမ္ဖဿဇာ ဝေဒနာ** = ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း၊ **ကာယသမ္ဖဿဇာ ဝေဒနာ** = ကာယသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း၊



**မနောသမ္ဖဿဇာ ဝေဒနာ** = မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း၊ **အယံ** = ဤဝေဒနာ (၆)ပါးကို၊ **ဖဿပစ္စယာ ဝေဒနာ** = ဖဿဟူသော အကြောင်းကြောင့် ဖြစ်သောဝေဒနာဟူ၍ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမာ ဝေဒနာပစ္စယာ တဏှာ၊ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ၊ အယံ ဝုစ္စတိ ဝေဒနာပစ္စယာ တဏှာ။**

**တတ္ထ** = ထို ပါဠိတော်၌၊ **ဝေဒနာပစ္စယာ တဏှာ** ဝေဒနာဟူသော အကြောင်းကြောင့် ဖြစ်သောတဏှာဟူသည်၊ **ကတမာ** အဘယ်နည်း ?

**ရူပတဏှာ** = ရူပါရုံ၌ တွယ်တာတပ်မက်သော ရူပတဏှာလည်းကောင်း၊ **သဒ္ဒတဏှာ** = သဒ္ဒါရုံ၌တွယ်တာတပ်မက်သော သဒ္ဒတဏှာလည်းကောင်း၊ **ဂန္ဓတဏှာ** = ဂန္ဓာရုံ၌တွယ်တာတပ်မက်သော ဂန္ဓတဏှာလည်းကောင်း၊ **ရသတဏှာ** = ရသာရုံ၌ တွယ်တာတပ်မက်သော ရသတဏှာလည်းကောင်း၊ **ဖောဋ္ဌဗ္ဗတဏှာ** = ဖောဋ္ဌဗ္ဗာရုံ၌ တွယ်တာတပ်မက်သော ဖောဋ္ဌဗ္ဗတဏှာလည်းကောင်း၊ **ဓမ္မတဏှာ** = ဓမ္မာရုံ၌ တွယ်တာတပ်မက်သော ဓမ္မတဏှာ လည်းကောင်း၊ **အယံ** = ဤတဏှာ (၆) ပါးကို၊ **ဝေဒနာပစ္စယာ တဏှာ** = ဝေဒနာဟူသော အကြောင်းကြောင့် ဖြစ်သောတဏှာဟူ၍ **ဝုစ္စတိ** = ဆိုအပ်၏။



**ကာမဘဝေါ** = ကာမ (၁၁) ဘုံ ဟူသောကာမဘဝ လည်းကောင်း၊ **ရူပဘဝေါ** = ရူပ (၁၆) ဘုံ ဟူသော ရူပဘဝ လည်းကောင်း၊ **အရူပဘဝေါ** = အရူပ (၄) ဘုံ ဟူသော အရူပဘဝလည်းကောင်း၊ **သညာဘဝေါ** = သညာဘဝလည်းကောင်း၊ **အသညာဘဝေါ** = သညာမရှိသော အသညာဘဝ လည်းကောင်း၊ **နေဝသညာနာသညာဘဝေါ** = ရုန့်ရင်းကြမ်းတမ်းသော သညာကား မရှိ၊ သိမ်မွေ့နူးညံ့သော သညာသာရှိသော နေဝသညာနာသညာ ဘဝလည်းကောင်း၊ **ဧကဝေါကာရဘဝေါ** = ရူပက္ခန္ဓာတစ်ပါးသာ ရှိသော ဧကဝေါကာရဘဝလည်းကောင်း၊ **စတုဝေါကာရဘဝေါ** နာမ်ခန္ဓာလေးပါးသာ ရှိသော စတုဝေါကာရဘဝလည်းကောင်း၊ **ပဉ္စဝေါကာရဘဝေါ** = ခန္ဓာ ငါးပါးရှိသော ပဉ္စဝေါကာရဘဝ လည်းကောင်း၊ **အယံ** = ဤ (၉)မျိုးသော ဘဝကို၊ **ဥပပတ္တိဘဝေါ** ဥပပတ္တိဘဝ ဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**အယံ ဝုစ္စတိ ဥပါဒါနပစ္စယာ ဘဝေါ။**

**အယံ** = ဤကမ္မဘဝ, ဥပပတ္တိဘဝကို၊ **ဥပါဒါနပစ္စယာ ဘဝေါ** ဥပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်သော ဘဝဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမာ ဘဝပစ္စယာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိသဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘဝပစ္စယာဇာတိ။**



**တတ္ထ** = ထိုပါဠိတော်၌၊ **ဘဝပစ္စယာ ဇာတိ** = (ကမ္မဘဝ) ဟူသော အကြောင်းကြောင့် ဖြစ်သော ဇာတိဟူသည်၊ **ကတမာ** = အဘယ်နည်း ?

**တေသံ တေသံ သတ္တာနံ** = ထိုထိုသို့သော သတ္တဝါတို့၏၊ **တမှိ တမှိ သတ္တနိကာယေ** = ထိုထိုသို့သောသတ္တဝါ အပေါင်း၌၊ **ယာ ဇာတိ** = အကြင် ဖြစ်ခြင်းသည်၊ **ယာ သဉ္ဇာတိ** = အကြင် ကောင်းသော ဖြစ်ခြင်းသည်၊ **ယာ ဩက္ကန္တိ** = အကြင် အမိဝမ်းတိုက်သို့ သက်ဝင်ခြင်းသည်၊ **ယာ အဘိနိဗ္ဗတ္တိ** = အကြင် သတ္တဝါဟူသော အသစ်ဖြစ်ခြင်းသည်၊ **ယော ခန္ဓာနံ ပါတုဘာဝေါ** = အကြင် ခန္ဓာတို့၏ ထင်ရှားစွာ ဖြစ်ခြင်းသည်၊ **ယောအာယတနာနံ ပဋိလာဘော** = အကြင် အာယတနတို့ကို ရခြင်းသည်၊ **အတ္ထိ** = ရှိ၏၊ **အယံ** = ဤသည်ကို၊ **ဘဝပစ္စယာ ဇာတိ** = ဘဝဟူသော အကြောင်းကြောင့် ဖြစ်သော ဇာတိဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမံ ဇာတိပစ္စယာ ဇရာမရဏံ၊ အတ္ထိ ဇရာ၊ အတ္ထိ မရဏံ။**

**တတ္ထ** = ထိုပါဠိတော်၌၊ **ဇာတိပစ္စယာ ဇရာမရဏံ** = ဇာတိဟူသော အကြောင်းကြောင့် ဖြစ်သော ဇရာမရဏဟူသည်၊ **ကတမံ** အဘယ်နည်း ?

**ဇရာ** = အိုခြင်း ဇရာတရားသည်၊ **အတ္ထိ** = ရှိ၏၊ **မရဏံ** = သေခြင်းမရဏတရားသည်၊ **အတ္ထိ** = ရှိ၏။

**တတ္ထ** = ထို ဇရာမရဏတို့တွင်၊ **မရဏံ** = မရဏဟူသည် **ကတမံ** = အဘယ်နည်း ?

**တေသံ တေသံ သတ္တာနံ** = ထိုထို သတ္တဝါတို့၏၊ **တမှာ တမှာ သတ္တနိကာယာ** = ထိုထိုသော သတ္တဝါတို့၏ အပေါင်းမှ၊ **ယာစုတိ** အကြင် စုတေခြင်းသည် (အကြင် ရွေ့လျောခြင်းသည်)၊**ယာ စဝနတာ** အကြင် စုတေသော အဖြစ်သည်၊ **ယော ဘေဒေါ** = အကြင် ပျက်စီးခြင်းသည်၊ **ယံ အန္တရဓာနံ** = အကြင်ကွယ်လွန်ခြင်းသည်၊ **ယာ မစ္စု** = အကြင်သေခြင်းသည်၊ **ယံ မရဏံ** = အကြင် သေခြင်းသည် **ယာ ကာလကိရိယာ** = အကြင် သေခြင်းကို ပြုခြင်းသည်၊ **ယော ခန္ဓာနံ ဘေဒေါ** = အကြင် ခန္ဓာတို့၏ ပျက်စီးခြင်းသည်၊ **ယော ကဠေဝရဿ နိက္ခေပေါ** = အကြင်ကိုယ်ကောင်ကို ပစ်ချခြင်းသည် **ယော ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ** = အကြင် ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းသည် **အတ္ထိ** = ရှိ၏။ **ဣဒံ** = ဤသဘောတရားကို၊ **မရဏံ** = မရဏဟူ၍ **ဝုစ္စတိ** = ဆိုအပ်၏။

**ဣတိ အယဉ္စ ဇရာ ဣဒဉ္စ မရဏံ၊ ဣဒံ ဝုစ္စတိ ဇာတိပစ္စယာ ဇရာမရဏံ။**

**အယဉ္စ ဇရာ** = ဤဇရာသည်လည်း၊ **အတ္ထိ** = ရှိ၏၊ **ဣဒဉ္စ မရဏံ** = ဤမရဏသည်လည်း၊ **အတ္ထိ** = ရှိ၏၊ **ဣဒံ** = ဤဇရာမရဏ သဘောတရားနှစ်မျိုးကို၊ **ဇာတိပစ္စယာ ဇရာမရဏံ** = ဇာတိကြောင့် ဖြစ်သော ဇရာမရဏဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။



**ဖုဋ္ဌဿ** = တွေ့ကြုံသောသူအားလည်းကောင်း၊ **သီလဗျသနေနဝါ** = သီလပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** တွေ့ကြုံသောသူအား လည်းကောင်း၊ **ဒိဋ္ဌိဗျသနေန ဝါ** အယူဝါဒပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** = တွေ့ကြုံသောသူအား လည်းကောင်း၊ **အညတရညတရေန** = အမှတ်မထားတစ်ပါးပါးသော **ဒုက္ခဓမ္မေန** = ဒုက္ခတရားဖြင့်၊ **ဖုဋ္ဌဿ** = တွေ့ကြုံသော သူအား၊ **ယော အာဒေဝေါ** = အကြင် ငိုကြွေးခြင်းသည်၊ **ယော ပရိဒေဝေါ** အကြင် အဖန်တလဲလဲ ငိုကြွေးခြင်းသည်၊ **ယာ အာဒေဝနာ** = အကြင် ငိုကြွေးသော အခြင်းအရာသည်၊ **ယာ ပရိဒေဝနာ** = အကြင် အဖန်တလဲလဲငိုကြွေးသော အခြင်းအရာသည်၊ **ယံ အာဒေဝိတတ္တံ** အကြင် ငိုကြွေးသည်၏ အဖြစ်သည်၊ **ယံ ပရိဒေဝိတတ္တံ** = အကြင် အဖန်တလဲလဲ ငိုကြွေးသည်၏ အဖြစ်သည်၊ **ယာ ဝါစာ** = အကြင် ပြောဆို ငိုကြွေးခြင်းသည်၊ **ယော ပလာပေါ** = အကြင် အဖန်တလဲလဲ ပြောဆိုငိုကြွေးခြင်းသည်၊ **ယော ဝိပ္ပလာပေါ** = အကြင် အထူးထူး အပြားပြား အဖန်တလဲလဲ ပြောဆိုငိုကြွေးခြင်းသည်၊ **ယော လာလပ္ပေါ** အကြင် အဖန်တလဲလဲပြောဆိုငိုကြွေးခြင်းသည်၊ **ယာ လာလပ္ပနာ** အကြင် အဖန်တလဲလဲ ပြောဆို ငိုကြွေးသော အခြင်းအရာသည်၊ **ယံ လာလပ္ပိတတ္တံ** = အကြင် အဖန်တလဲလဲ ပြောဆိုငိုကြွေးသည်၏ အဖြစ်သည်၊ **အတ္ထိ** = ရှိ၏။ **အယံ** = ဤ သဘောတရားကို၊ **ပရိဒေဝေါ** ပရိဒေဝဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမံ ဒုက္ခံ၊ ယံ ကာယိကံ အသာတံ ကာယိကံ ဒုက္ခံ ကာယသမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ ကာယသမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒုက္ခံ။**



**တတ္ထ** = ထိုပါဠိတော်၌၊ **ဒုက္ခံ** = ဒုက္ခဟူသည်၊ **ကတမံ** အဘယ်နည်း ?

**ကာယိကံ** = ကိုယ်၌ဖြစ်သော၊ **အသာတံ** = သာယာဖွယ်မကောင်းသော၊ **ယံ ကာယိကံ ဒုက္ခံ** = အကြင် ကာယိကဒုက္ခသည်၊ **ကာယသမ္ဖဿဇံ** = ကာယသမ္ဖဿကြောင့် ဖြစ်သော၊ **အသာတံ** သာယာဖွယ်မကောင်းသော၊ **ယံ ဒုက္ခံ ဝေဒယိတံ** = အကြင်ဒုက္ခဖြစ်သော ခံစားအပ်သည်၏ အဖြစ်သည်၊**ကာယသမ္ဖဿဇာ** = ကာယသမ္ဖဿ ကြောင့်ဖြစ်သော၊ **အသာတာ** = သာယာဖွယ်မကောင်းသော၊ **ယာ ဒုက္ခာ ဝေဒနာ** = အကြင် ဒုက္ခဝေဒနာသည်၊ **အတ္ထိ** = ရှိ၏။ **ဣဒံ** ဤကာယိကဒုက္ခဝေဒနာကို၊ **ဒုက္ခံ** = ဒုက္ခဟူ၍၊ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမံ ဒေါမနဿံ၊ယံ စေတသိကံ အသာတံ စေတသိကံ ဒုက္ခံ စေတောသမ္ဖဿဇံ အသာတံဒုက္ခံ ဝေဒယိတံ စေတောသမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒေါမနဿံ။**

**တတ္ထ =** ထိုပါဠိတော်၌၊ **ဒေါမနဿံ =** ဒေါမနဿဟူသည် **ကတမံ =** အဘယ်နည်း ?

**စေတသိကံ** = စိတ်၌ဖြစ်သော၊ **အသာတံ** = သာယာဖွယ် မကောင်းသော၊ **ယံ စေတသိကံ ဒုက္ခံ** = အကြင် စေတသိကဒုက္ခသည် **စေတောသမ္ဖဿဇံ** = စေတောသမ္ဖဿ (မနောသမ္ဖဿ) ကြောင့် ဖြစ်သော၊ **အသာတံ** = သာယာဖွယ်မကောင်းသော၊ **ယံ ဒုက္ခံ ဝေဒယိတံ** အကြင် ဒုက္ခဖြစ်သော ခံစားအပ်သည်၏ အဖြစ်သည်၊



## ၁။ အဝိဇ္ဇာ

၁။ အညာဏလက္ခဏာ **အဝိဇ္ဇာ**  ၂။ သမ္မောဟနရသာ၊
၃။ ဆာဒနပစ္စုပဋ္ဌာနာ၊  ၄။ အာသဝပဒဋ္ဌာနာ၊
(အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)

၁။ ပရမတ္ထဓမ္မသဘာဝမှန်ကို မသိခြင်းသဘော လက္ခဏာ၊ တစ်နည်း - ပရမတ္ထဓမ္မသဘာဝမှန်ကို သိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းသဘော - လက္ခဏာ ။

၂။ ယှဉ်ဖက်သမ္ပယုတ်တရားတို့ကိုလည်းကောင်း, ထိုအဝိဇ္ဇာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုလည်းကောင်း ပြင်းစွာ တွေဝေစေခြင်း (ကိစ္စ) ရသ ။

၃။ ပရမတ္ထဓမ္မအာရုံ၏ သဘောမှန်ကို ဖုံးလွှမ်းတတ်သော သဘောတရား ပစ္စုပဋ္ဌာန် ။

၄။ အာသဝေါတရား (၄)ပါး ပဒဋ္ဌာန် ။

## ၂။ သင်္ခါရ

၁။ အဘိသင်္ခရဏလက္ခဏာ **သင်္ခါရာ**၊
၂။ အာယူဟနရသာ၊
၃။ စေတနာပစ္စုပဋ္ဌာနာ၊
၄။ အဝိဇ္ဇာပဒဋ္ဌာနာ။ (အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)

**တတ္ထ ကတမော သောကော၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေနဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿအညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော စေတသော ပရိဇ္ဈာယနာ ဒေါမနဿံ သောကသလ္လံ၊ အယံ ဝုစ္စတိ သောကော။**

**တတ္ထ** = ထိုပါဠိတော်၌၊ **သောကော** = စိုးရိမ်ခြင်း သောကဟူသည်၊ **ကတမော** = အဘယ်နည်း ?

**ဉာတိဗျသနေန ဝါ** = ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့်မူလည်း **ဖုဋ္ဌဿ** = တွေ့ကြုံသောသူအားလည်းကောင်း၊ **ဘောဂဗျသနေန ဝါ** စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** တွေ့ကြုံသောသူအားလည်းကောင်း၊ **ရောဂဗျသနေန ဝါ** အနာရောဂါဟူသော ပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** တွေ့ကြုံသောသူအားလည်းကောင်း၊ **သီလဗျသနေန ဝါ** သီလပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** = တွေ့ကြုံသောသူ အားလည်းကောင်း၊ **ဒိဋ္ဌိဗျသနေန ဝါ** = အယူဝါဒပျက်စီးခြင်းဖြင့်မူလည်း **ဖုဋ္ဌဿ** =တွေ့ကြုံသောသူအားလည်းကောင်း၊ **အညတရညတရေန** အမှတ်မထား တစ်ပါးပါးသော၊ **ဗျသနေန** = ပျက်စီးခြင်း ဗျသနတရားနှင့် **သမန္နာဂတဿ** =ပြည့်စုံသော သူအား၊ **အညတရညတရေန** အမှတ်မထား တစ်ပါးပါးသော၊ **ဒုက္ခဓမ္မေန** = ဒုက္ခတရားဖြင့်၊ **ဖုဋ္ဌဿ** တွေ့ကြုံသော သူအား၊ **ယော သောကော** = အကြင် စိုးရိမ်ခြင်းသည် **ယာ သောစနာ** = အကြင်စိုးရိမ်သော အခြင်းအရာသည်၊



**ယံ သောစိတတ္တံ** = အကြင် စိုးရိမ်သောအဖြစ်သည်၊ **ယော အန္တောသောကော** = အကြင် အတွင်း၌ စိုးရိမ်ခြင်းသည်၊ **ယော အန္တောပရိသောကော** = အကြင် အတွင်း၌ ထက်ဝန်းကျင် စိုးရိမ်ခြင်းသည်၊ **ယာ စေတသော ပရိဇ္ဈာယနာ** = အကြင် စိတ်၏ ထက်ဝန်းကျင် ပူလောင်သော အခြင်းအရာသည်၊ **ယံ ဒေါမနဿံ** အကြင် စိတ်နှလုံး မသာယာခြင်းသည်၊ **ယံ သောကသလ္လံ** = အကြင် စူးဝင်နေသောသောကတည်းဟူသော ငြောင့်တံသင်းသည်၊ **အတ္ထိ** ရှိ၏။ **အယံ** = ဤသဘောတရားကို၊ **သောကော** = သောကဟူ၍၊ **ဝုစ္စတိ** ဆိုအပ်၏။

**တတ္ထ ကတမော ပရိဒေဝေါ၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေန ဝါဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခ ဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံပရိဒေဝိတတ္တံ ဝါစာ ပလာပေါ ဝိပ္ပလာပေါ လာလပ္ပေါ လာလပ္ပနာ လာလပ္ပိတတ္တံ၊ အယံ ဝုစ္စတိ ပရိဒေဝေါ။**

**တတ္ထ** = ထိုပါဠိတော်၌၊ **ပရိဒေဝေါ** = ပရိဒေဝဟူသည်၊ **ကတမော** = အဘယ်နည်း ?

**ဉာတိဗျသနေနဝါ** = ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့်မူလည်း **ဖုဋ္ဌဿ** = တွေ့ကြုံသောသူအားလည်းကောင်း၊ **ဘောဂဗျသနေန ဝါ** စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** တွေ့ကြုံသောသူအားလည်းကောင်း၊ **ရောဂဗျသနေန ဝါ** အနာရောဂါဟူသော ပျက်စီးခြင်းဖြင့်မူလည်း၊



**စေတောသမ္ဖဿဇာ** = စေတောသမ္ဖဿ (မနောသမ္ဖဿ) ကြောင့် ဖြစ်သော၊ **အသာတာ** = သာယာဖွယ်မှ ကင်းသော၊ **ယာ ဒုက္ခာဝေဒနာ** အကြင် ဒုက္ခဝေဒနာသည်၊ **အတ္ထိ** = ရှိ၏။ **ဣဒံ** = ဤစေတသိက ဒုက္ခဝေဒနာ (ဒေါမနဿဝေဒနာ)ကို၊ **ဒေါမနဿံ** = ဒေါမနဿဟူ၍ **ဝုစ္စတိ** = ဆိုအပ်၏။

**တတ္ထ ကတမော ဥပါယာသော၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေနဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿအညတရညတရေန ဒုက္ခ ဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ၊ အယံဝုစ္စတိ ဥပါယာသော။**

**တတ္ထ** = ထိုပါဠိတော်၌၊ **ဥပါယာသော** = ပြင်းစွာပူပန်ရခြင်း ဥပါယာသဟူသည်၊ **ကတမော** = အဘယ်နည်း ?

**ဉာတိဗျသနေန ဝါ** = ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့်မူလည်း **ဖုဋ္ဌဿ** = တွေ့ကြုံသော သူအားလည်းကောင်း၊ **ဘောဂဗျသနေန ဝါ** စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** တွေ့ကြုံသော သူအားလည်းကောင်း၊ **ရောဂဗျသနေန ဝါ** = အနာရောဂါဟူသော ပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** = တွေ့ကြုံသောသူအားလည်းကောင်း **သီလဗျသနေန ဝါ** = သီလပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** တွေ့ကြုံသောသူအားလည်းကောင်း၊ **ဒိဋ္ဌိဗျသနေန ဝါ** = အယူဝါဒ ပျက်စီးခြင်းဖြင့်မူလည်း၊ **ဖုဋ္ဌဿ** =တွေ့ကြုံသောသူအားလည်းကောင်း



**အညတရညတရေန** = အမှတ်မထား တစ်ပါးပါးသော **ဒုက္ခဓမ္မေန** = ဒုက္ခဓမ္မဖြင့်၊ **ဖုဋ္ဌဿ** = တွေ့ကြုံသောသူအား၊ **ယော အာယာသော** = အကြင် စိတ်၏ပင်ပန်းခြင်းသည်၊ **ယော ဥပါယာသော** အကြင် ကြီးစွာသောစိတ်၏ပင်ပန်းခြင်းသည်၊ **ယံ အာယာသိတတ္တံ** အကြင် စိတ်၏ပင်ပန်းသော အဖြစ်သည်၊ **ယံ ဥပါယာသိတတ္တံ** အကြင် ကြီးစွာသော စိတ်၏ပင်ပန်းသည်၏ အဖြစ်သည်၊ **အတ္ထိ** ရှိ၏။ **အယံ** = ဤသဘောတရားကို၊ **ဥပါယာသော** = ဥပါယာသဟူ၍၊ **ဝုစ္စတိ** ဆိုအပ်၏။

**ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ၊ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿသင်္ဂတိ ဟောတိ၊ သမာဂမော ဟောတိ၊ သမောဓာနံ ဟောတိ၊ ပါတုဘာဝေါ ဟောတိ၊ တေန ဝုစ္စတိ ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။**

**ဣတိ** = ဤသို့လျှင်၊ **ကေဝလဿ** = သုခမဖက် သက်သက်သော၊ **ဧတဿ ဒုက္ခက္ခန္ဓဿ** = ဤဒုက္ခတုံးဒုက္ခအစုအပုံ၏ **သမုဒယော** = ဖြစ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့လျှင် **ကေဝလဿ** = သုခမဖက် သက်သက်သော၊**ဧတဿ ဒုက္ခက္ခန္ဓဿ** ဤဒုက္ခတုံး ဒုက္ခအစုအပုံ၏၊ **သင်္ဂတိ** = ပေါင်းဆုံခြင်းသည်၊ **သမာဂမော** အညီအညွတ် ဆိုက်ရောက်လာခြင်းသည်၊ **သမောဓာနံ** = ပေါင်းဆုံမိခြင်းသည်၊ **ပါတုဘာဝေါ** =ထင်ရှားဖြစ်ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **တေန** = ထိုကြောင့်၊ **ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ** = ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ဟူ၍၊ **ဝုစ္စတိ =** ဆိုအပ်၏။ **(ဝိဘင်္ဂပါဠိတော်)**

၁။ အာရုံကို တွေ့ထိခြင်းသဘော လက္ခဏာ၊အာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော လက္ခဏာ၊
၂။ အာရုံကို ပွတ်ချုပ်ထိပါးခြင်း = အာရုံ၌ ထိခတ်ခြင်း (ကိစ္စ) ရသ၊
၃။ ဝတ္ထု + အာရုံ + ဝိညာဏ် သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ သဠာယတန ပဒဋ္ဌာန်။

## ၇။ ဝေဒနာ

၁။ အနုဘဝနလက္ခဏာ ဝေဒနာ၊
၂။ ဝိသယရသသမ္ဘောဂရသာ၊
၃။ သုခဒုက္ခပစ္စုပဋ္ဌာနာ၊
၄။ ဖဿပဒဋ္ဌာနာ။ (အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)

၁။ အာရုံ၏ အရသာကို ခံစားခြင်းသဘော လက္ခဏာ၊
၂။ အာရုံ၏ အရသာကို သုံးဆောင်ခြင်း (ကိစ္စ) ရသ၊
၃။ သုခသဘောတရား, ဒုက္ခသဘောတရား ပစ္စုပဋ္ဌာန်၊
၄။ ဖဿ ပဒဋ္ဌာန်။

## ၈။ တဏှာ

၁။ ဟေတုလက္ခဏာ တဏှာ၊
၂။ အဘိနန္ဒနရသာ၊
၃။ အတိတ္တိဘာဝပစ္စုပဋ္ဌာနာ၊
၄။ ဝေဒနာပဒဋ္ဌာနာ။(အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)



၁။ (ကံဖြစ်အောင်ပြုလုပ်ခြင်း) ပြုပြင်ခြင်း ပြုစီမံခြင်းသဘော လက္ခဏာ ။

၂။ ပဋိသန္ဓေကို ဖြစ်စေခြင်း၌ အားထုတ်ခြင်း ကြောင့်ကြဗျာပါရပြုခြင်း (ကိစ္စ) ရသ ၊ တစ်နည်း ဝိညာဏ် နာမ်ရုပ်ဟူသော အကျိုးတရားကို ပေါင်းစုရုံးစည်းခြင်း (ကိစ္စ) ရသ၊ တစ်နည်း အပေါင်းအစု ဖြစ်သော ဝိညာဏ် နာမ်ရုပ် အကျိုးတရားကို ဖြစ်စေခြင်း (ကိစ္စ) ရသ။

၃။ စေတနာ ပဓာနဟု ယောဂီဉာဏ်တွင် ရှေးရှုထင်ခြင်း သဘောတရား ပစ္စုပဋ္ဌာန် ။

၄။ အဝိဇ္ဇာ ပဒဋ္ဌာန်။

## ၃။ ဝိညာဏ်

၁။ ဝိဇာနနလက္ခဏံ ဝိညာဏံ၊
၂။ ပုဗ္ဗင်္ဂမရသံ၊
၃။ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊
၄။ သင်္ခါရပဒဋ္ဌာနံ၊ ဝတ္ထာရမ္မဏပဒဋ္ဌာနံ ဝါ။
(အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)
၁။ အာရုံကို သိခြင်း = အာရုံကို ရယူခြင်းသဘော လက္ခဏာ၊
၂။ နာမ်ရုပ်တို့၏ ပဓာန ရှေ့သွားခေါင်းဆောင် ဖြစ်ခြင်း (ကိစ္စ) ရသ၊
၃။ ရှေးဘဝနှင့်တကွ ဆက်စပ်တတ်သော သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ သင်္ခါရ တစ်နည်း မှီရာဝတ္ထုရုပ်နှင့် ထင်လာသောအာရုံ ပဒဋ္ဌာန်။



၁။ ကမ္မဖလ = ကံ၏ အကျိုးဟူသောသဘော = ကံ၏ အကျိုးဖြစ်ခြင်းသဘော လက္ခဏာ၊
၂။ ကံကြောင့်ဖြစ်ခြင်း (ကိစ္စ) ရသ၊
၃။ ကုသိုလ် အကုသိုလ် မဟုတ်သော ဝိပါက်အဗျာကတ သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ ဥပါဒါန် ပဒဋ္ဌာန်။

## ၁၁။ ဇာတိ

၁။ တတ္ထ တတ္ထ ဘဝေ ပဌမာဘိနိဗ္ဗတ္တိလက္ခဏာ ဇာတိ၊
၂။ နိယျာတနရသာ၊
၃။ အတီတဘဝတော ဣဓ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ၊ဖလဝသေန ဒုက္ခဝိစိတ္တတာပစ္စုပဋ္ဌာနာ ဝါ။
၄။ (ကမ္မဘဝပဒဋ္ဌာနာ။)
(အဘိ-ဋ္ဌ-၂-၉၀။ ဝိသုဒ္ဓိ-၂-၁၃၀။)

၁။ ထိုထိုဘဝ၌ တစ်ခုသော ဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်၏လက်မွန်အစ အသစ်ဖြစ်ခြင်း = ရှေ့ဦးစွာ ထင်ရှားဖြစ်ခြင်းသဘော လက္ခဏာ၊

၂။ (ထိုတစ်ခုသော ဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်ကို ဝဋ္ဋသားသတ္တဝါအား ရော့ ယူလောဟု) ဆောင်နှင်း ပေးအပ်သကဲ့သို့ ဖြစ်ခြင်း (ကိစ္စ) ရသ၊

၃။ အခြားမဲ့ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာအစဉ်ကို ထင်ရှားဖော်တတ်သော = ပေါ်လာစေတတ်သော သဘောတရား ပစ္စုပဋ္ဌာန်၊တစ်နည်း ဒုက္ခအစု၏ ဆန်းကြယ်သည်၏အဖြစ်ဟူသော အကျိုးကို ဖြစ်စေတတ်၏ (ဖလ) ပစ္စုပဋ္ဌာန်၊

၄။ ကမ္မဘဝ ပဒဋ္ဌာန်။



၁။ ဒုက္ခ၏ အကြောင်းဖြစ်ခြင်းသဘော လက္ခဏာ၊
၂။ ထိုထိုအာရုံ ထိုထိုဘဝတို့၌ အလွန် နှစ်သက်ခြင်း (ကိစ္စ) ရသ၊
၃။ စိတ်၏ (ဝါ) ပုဂ္ဂိုလ်၏ ထိုထိုအာရုံ ထိုထိုဘဝတို့၌မတင်းတိမ် မရောင့်ရဲနိုင်သည့် သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ ဝေဒနာ ပဒဋ္ဌာန်။

## ၉။ ဥပါဒါန

၁။ ဂဟဏလက္ခဏံ ဥပါဒါနံ၊
၂။ အမုဥ္စနရသံ၊
၃။ တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ၊
၄။ တဏှာပဒဋ္ဌာနံ။ (အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၆၀။)

၁။ အာရုံကို ပြင်းစွာစွဲလမ်းခြင်း = စွဲမြဲစွာယူခြင်းသဘော လက္ခဏာ၊
၂။ (တဏှာဒိဋ္ဌိတို့ဖြင့် အာရုံကို မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း၏ အစွမ်းဖြင့်) အာရုံကို မလွှတ်ခြင်း (ကိစ္စ) ရသ၊
၃။ (က) တဏှာ၏ ခိုင်မြဲမှု သဘောတရား(ကာမုပါဒါန်အတွက်)
(ခ) ဒိဋ္ဌိ = အယူမှားမှု သဘောတရား (ကျန်ဥပါဒါန် သုံးပါးအတွက်) ပစ္စုပဋ္ဌာန်၊
၄။ တဏှာ ပဒဋ္ဌာန်။

## ၄။ (နာမ် + ရုပ်) မှ - နာမ် = စေတသိက်

၁။ နမနလက္ခဏံ **နာမံ**၊
၂။ သမ္ပယောဂရသံ၊
၃။ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊
၄။ ဝိညာဏပဒဋ္ဌာနံ။ (အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)

၁။ အာရုံသို့ ညွတ်ခြင်းသဘော လက္ခဏာ။
၂။ ဝိညာဏ်နှင့် အတူတကွလည်းကောင်း၊ အချင်းချင်း လည်းကောင်း ယှဉ်စပ်ခြင်း (ကိစ္စ) ရသ၊
၃။ အသီးအသီး ခွဲခြား၍ မရသော ခွဲခြား၍ မဖြစ်သော စေတသိက်သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ ဝိညာဏ် ပဒဋ္ဌာန်။

## (နာမ် + ရုပ်) မှ - ရုပ်

၁။ ရုပ္ပနလက္ခဏံ ရူပံ၊ ၂။ ဝိကိရဏရသံ၊
၃။ အဗျာကတပစ္စုပဋ္ဌာနံ၊
၄။ ဝိညာဏပဒဋ္ဌာနံ။ (အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)

၁။ ဖောက်ပြန်ခြင်းသဘော လက္ခဏာ၊
၂။ (သမ္ပယောဂလက္ခဏာ မရှိသောကြောင့်) ရုပ်အချင်းချင်းမတွဲ ဖရိုဖရဲ ကွဲခြင်း (ကိစ္စ) ရသ၊
၃။ ကုသိုလ် အကုသိုလ် မဟုတ်သော အဗျာကတ သဘောတရား ပစ္စုပဋ္ဌာန်၊တနည်း အာရုံကို မယူတတ်သော သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ ဝိညာဏ် ပဒဋ္ဌာန်။



## ၅။ သဠာယတန

၁။ အာယတနလက္ခဏံ သဠာယတနံ၊
၂။ ဒဿနာဒိရသံ၊
၃။ ဝတ္ထု ဒွါရဘာဝပစ္စုပဋ္ဌာနံ၊
၄။ နာမရူပပဒဋ္ဌာနံ။ (အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)

၁။ ထိခိုက်ခြင်း = အားထုတ်ခြင်းသဘော လက္ခဏာ၊တစ်နည်း အာယ မည်သော စိတ်စေတသိက်တို့ကို ချဲ့ထွင်ခြင်းသဘော လက္ခဏာ၊
၂။ မြင်ခြင်း (ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ တွေ့ထိခြင်း၊ သိခြင်း) (ကိစ္စ) ရသ၊
၃။ ထိုက်သည့်အားလျော်စွာ ပဥ္စဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ်တို့၏မှီရာဝတ္ထုအဖြစ်၊ ဝင်ထွက်ရာဒွါရအဖြစ် ဖြစ်ခြင်းသဘောတရား ပစ္စုပဋ္ဌာန်၊
၄။ နာမ် + ရုပ် ပဒဋ္ဌာန်။

## ၆။ ဖဿ

၁။ ဖုသနလက္ခဏော ဖဿော၊
၂။ သင်္ဃဋ္ဋနရသော၊
၃။ သင်္ဂတိပစ္စုပဋ္ဌာနော၊
၄။ သဠာယတနပဒဋ္ဌာနော။
(အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၅၉။)



## ဥပါဒါန် လေးမျိုး

### ၁။ ကာမုပါဒါန်

အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ထိုထို ဘုံဘဝ၌ ပြင်းစွာစွဲလမ်းခြင်း စွဲမြဲစွာယူခြင်းသဘောတရား။

### ၂။ဒိဋ္ဌုပါဒါန်

အတ္တဝါဒုပါဒါန် သီလဗ္ဗတုပါဒါန် နှစ်မျိုးမှလွဲ၍ ကြွင်းကျန်သော မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူဝါဒ အမျိုးမျိုး၌ ပြင်းစွာစွဲလမ်းခြင်း စွဲမြဲစွာယူခြင်းသဘော။

### ၃။ သီလဗ္ဗတုပါဒါန်

နွားအကျင့် ခွေးအကျင့် စသည့် မှားယွင်းသည့် ဝတအကျင့်ဖြင့် ကိလေသာတို့မှစင်ကြယ်နိုင်၏ သံသရာမှ လွတ်မြောက်နိုင်၏ဟု ပြင်းစွာစွဲလမ်းခြင်း စွဲမြဲစွာယူခြင်း သဘောတရား။

### ၄။ အတ္တဝါဒုပါဒါန်

(က) ဖန်ဆင်းရှင်ပရမအတ္တ၊ ( ခ ) အဖန်ဆင်းခံရသော ဇီဝအတ္တ ရှိ၏ စသည်ဖြင့်အတ္တဝါဒကို လက်ခံသော အတ္တဝါဒကို ပြင်းစွာစွဲလမ်းခြင်း စွဲမြဲစွာယူခြင်း သဘောတရား၊ဤသို့အားဖြင့် ဥပါဒါန် (၄)မျိုး ရှိပေသည်။



## ၁၀။ ဘဝ

၁။ ကမ္မကမ္မဖလလက္ခဏော ဘဝေါ၊
၂။ ဘာဝနဘာဝနရသော၊
၃။ ကုသလာကုသလာဗျာကတပစ္စုပဋ္ဌာနော၊
၄။ ဥပါဒါနပဒဋ္ဌာနော။
(အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၆၀။)

### (က) ကမ္မဘဝ

၁။ ကမ္မလက္ခဏော ကမ္မဘဝေါ၊
၂။ ဘာဝနရသော၊
၃။ ကုသလာကုသလပစ္စုပဋ္ဌာနော၊
၄။ ဥပါဒါနပဒဋ္ဌာနော။

၁။ ကံဟူသောသဘော = ကံဖြစ်ခြင်းသဘော လက္ခဏာ၊
၂။ ဥပပတ္တိဘဝကို ဖြစ်စေခြင်း (ကိစ္စ) ရသ၊
၃။ ကုသိုလ် + အကုသိုလ် သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ ဥပါဒါန် ပဒဋ္ဌာန်။

### ( ခ ) ဥပပတ္တိဘဝ

၁။ ကမ္မဖလလက္ခဏော ဥပပတ္တိဘဝေါ၊
၂။ ဘဝနရသော၊
၃။ အဗျာကတပစ္စုပဋ္ဌာနော၊
၄။ ဥပါဒါနပဒဋ္ဌာနော။
(အဘိ-ဋ္ဌ-၂-၁၂၉။ ဝိသုဒ္ဓိ-၂-၁၆၀။)

## ရူပါဝစရ ကုသိုလ်ဈာန်စိတ် (၅) မျိုး (ပဉ္စကနည်း)

၁။ ဝိတက်+ဝိစာရ+ပီတိ+သုခ+ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့် အတူတကွဖြစ်သော ပထမဈာန်ကုသိုလ်စိတ် တစ်ပါး၊

၂။ ဝိစာရ+ပီတိ+သုခ+ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၄)ပါးနှင့်အတူတကွ ဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ် တစ်ပါး၊

၃။ ပီတိ+သုခ+ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါ (၃)ပါးနှင့်အတူတကွ ဖြစ်သော တတိယဈာန်ကုသိုလ်စိတ် တစ်ပါး၊

၄။ သုခ+ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် အတူတကွ ဖြစ်သော စတုတ္ထဈာန်ကုသိုလ်စိတ် တစ်ပါး၊

၅။ ဥပေက္ခာ+ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ (၂)ပါးနှင့် အတူတကွ ဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် တစ်ပါး၊ ရူပါဝစရကုသိုလ်ဈာန်စိတ်တို့တည်း။



## ၁၂။ ဇရာ

၁။ ခန္ဓပရိပါကလက္ခဏာ ဇရာ၊
၂။ မရဏူပနယနရသာ၊
၃။ ယောဗ္ဗနဝိနာသပစ္စုပဋ္ဌာနာ၊
၄။ (ဇာတိပဒဋ္ဌာနာ။) (အဘိ-၄-၂-၉၄။ ဝိသုဒ္ဓိ-၂-၁၃၂။)

၁။ တစ်ခုသောဘဝ၌ အကျုံးဝင်သော ခန္ဓာတို့၏ရင့်ရော်ဟောင်းမြင်းသည်၏အဖြစ်ဟူသော ရင့်ကျက်ခြင်းသဘော လက္ခဏာ၊
၂။ သေခြင်း = ပျက်ခြင်း မရဏသို့ ကပ်၍ဆောင်ခြင်း (ကိစ္စ) ရသ၊
၃။ အရွယ်ကောင်းသည်၏ အဖြစ်ကို ဖျက်ဆီးတတ်သော သဘောတရား=ကောင်းသောအရွယ်၏ ပျက်စီးကြောင်း သဘောတရား ပစ္စုပဋ္ဌာန်၊
၄။ (ဇာတိ) ပဒဋ္ဌာန်။

**မရဏ**

၁။ စုတိလက္ခဏံ မရဏံ၊
၂။ ဝိယောဂရသံ၊
၃။ ဝိပ္ပဝါသပစ္စုပဋ္ဌာနံ၊
၄။ (ဇာတိပဒဋ္ဌာနံ။) (အဘိ-၄-၂-၉၅။ ဝိသုဒ္ဓိ-၂-၁၃၃။)



နောက်ဆက်တွဲရှင်းလင်းချက် (င)

၅။ ဝစီသဥ္စေတနာ = ဝစီဒွါရ၌ ဖြစ်သော (၈)ပါးသော ကာမကုသိုလ်စေတနာ, (၁၂ )ပါးသော အကုသိုလ်စေတနာသည်။ ဝစီသင်္ခါရော = ဝစီသင်္ခါရ မည်၏။ (၂၀)။

နောက်ဆက်တွဲရှင်းလင်းချက် (စ)

၆။ မနောသဥ္စေတနာ = ဝိညတ်ရုပ် နှစ်မျိုးကို မဖြစ်စေမူ၍ (ကာယဝိညတ်ရုပ် ဝစီဝိညတ်ရုပ် နှစ်မျိုးကိုမဖြစ်စေမူ၍) အလုံးစုံလည်းဖြစ်သော (၁၂)ပါးသောအကုသိုလ်စေတနာ, (၈)ပါးသော ကာမကုသိုလ်စေတနာ,(၅)ပါးသော ရူပကုသိုလ်စေတနာ, (၄)ပါးသော အရူပကုသိုလ်စေတနာဟူသော တစ်ခုယုတ် (၃၀)သော စေတနာသည်။ စိတ္တသင်္ခါရော = စိတ္တသင်္ခါရ မည်၏။ (၂၉)။

နောက်ဆက်တွဲရှင်းလင်းချက် (ဆ)

### အဟိတ် အကုသလဝိပါက်စိတ် (၇) မျိုး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်။
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်။
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်။
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်။
၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်။
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်။
၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်။

ဤစိတ် (၇)မျိုးတို့ကား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော အနိဋ္ဌာရုံနှင့် တွေ့ကြုံရာဝယ်ဝီထိစိတ်တို့၏ အတွင်းဝယ် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံကိစ္စများကို ရွက်ဆောင်လျက် ဖြစ်ပေါ်လာကြသော အကုသိုလ်၏ အကျိုးဖြစ်ကုန်သော အကုသလဝိပါက်စိတ်တို့တည်း။



နောက်ဆက်တွဲရှင်းလင်းချက် (ခ)

### အကုသိုလ်စိတ် (၁၂) မျိုး

၁။ လောဘမူစိတ် ၈ - မျိုး
၂။ ဒေါသမူစိတ် ၂ - မျိုး
၃။ မောဟမူစိတ် ၂ - မျိုး
အားလုံးပေါင်းသော် အကုသိုလ်စိတ်၁၂ မျိုး

လောဘမူစိတ် (၈) မျိုး

အာရုံ၌ တွယ်တာတပ်မက်မှု လောဘအကြောင်းရင်းခံသောစိတ်

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု =ဝမ်းမြောက်ခြင်း သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်သော မှားသော ခံယူချက် ( မိစ္ဆာဒိဋ္ဌိ) နှင့် ယှဉ်သော တိုက်တွန်းမှု မရှိသောအသင်္ခါရိက စိတ်တစ်ခု။
၂။ ...တိုက်တွန်းမှု ရှိသော သသင်္ခါရိက စိတ်တစ်ခု၊
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု = လျစ်လျူ ရှုခြင်း ဥပေက္ခာဝေဒနာနှင့်အတူတကွ ဖြစ်သော မှားသော ခံယူချက် (မိစ္ဆာဒိဋ္ဌိ) နှင့် ယှဉ်သော တိုက်တွန်းမှု မရှိသော အသင်္ခါရိကစိတ်တစ်ခု၊
၄။ ...တိုက်တွန်းမှု ရှိသော သသင်္ခါရိက စိတ်တစ်ခု၊
၅။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု = ဝမ်းမြောက်ခြင်း သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်သော မှားသော ခံယူချက် ( မိစ္ဆာဒိဋ္ဌိ) နှင့် မယှဉ်သော တိုက်တွန်းမှု မရှိသောအသင်္ခါရိက စိတ်တစ်ခု။
၆။ ...တိုက်တွန်းမှု ရှိသော သသင်္ခါရိက စိတ်တစ်ခု၊

၁။ တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်၏ ရွေ့လျောခြင်းသဘော= ပစ္စုပ္ပန်ဘဝမှ ရွေ့လျောခြင်းသဘော လက္ခဏာ၊

၂။ (က) ပြည့်စုံသော ဘဝခန္ဓာတို့နှင့် ကင်းခြင်း = ကင်းစေခြင်း (ကိစ္စ) ရသ၊( ခ ) တစ်နည်း ဘဝခန္ဓာတို့နှင့် ကွေကွင်းရခြင်းနှင့် ပြည့်စုံခြင်း (သမ္ပတ္တိ) ရသ၊

၃။ ပစ္စုပ္ပန်ဘဝမှ = ရောက်ဆဲဂတိမှ ကွေကွင်းရခြင်း သဘောတရား ပစ္စုပဋ္ဌာန်၊

၄။ (ဇာတိ) ပဒဋ္ဌာန်။



နောက်ဆက်တွဲရှင်းလင်းချက် (က)
မဟာကုသိုလ် (၈)ပါး, ရူပါဝစရကုသိုလ် (၅)ပါး။
ပေါင်း (၁၃)ပါးတည်း။

## မဟာကုသိုလ်စိတ် (၈) မျိုး

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု ။

သောမနဿဝေဒနာနှင့် အတူတကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းမှု မရှိသော အသင်္ခါရိက စိတ်တစ်ခု၊

၂။ ...(တိုက်တွန်းမှု ရှိသော) သသင်္ခါရိက စိတ်တစ်ခု၊

၃။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု ။

သောမနဿဝေဒနာနှင့် အတူတကွဖြစ်သော ဉာဏ်နှင့် မယှဉ်သောတိုက်တွန်းမှု မရှိသော အသင်္ခါရိက စိတ်တစ်ခု။

၄။ ...(တိုက်တွန်းမှု ရှိသော) သသင်္ခါရိက စိတ်တစ်ခု၊

၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု၊

၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက စိတ်တစ်ခု၊

၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု၊

၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ်တစ်ခု၊

ဤသည်တို့ကား ကာမာဝစရကုသိုလ်စိတ် = မဟာကုသိုလ်စိတ် (၈) မျိုးတို့တည်း။



၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု လျစ်လျူ ရှုခြင်း ဥပေက္ခာဝေဒနာနှင့်အတူတကွ ဖြစ်သော မှားသော ခံယူချက် (မိစ္ဆာဒိဋ္ဌိ) နှင့် မယှဉ်သော တိုက်တွန်းမှု မရှိသော အသင်္ခါရိကစိတ်တစ်ခု၊

၈။ ...တိုက်တွန်းမှု ရှိသော သသင်္ခါရိက စိတ်တစ်ခု၊ ဤသည်တို့ကား လောဘလျှင် အကြောင်းရင်းခံ ရှိကြကုန်သော လောဘမူစိတ် (၈)မျိုးတို့တည်း။

## ဒေါသမူစိတ် (၂) မျိုး

ဖျက်ဆီးလိုခြင်း ပျက်စီးစေလိုခြင်း ဒေါသလျှင် အကြောင်းရင်းခံ ရှိသောစိတ်။

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု=စိတ်မချမ်းသာမှု ဒေါမနဿဝေဒနာနှင့်အတူတကွဖြစ်သော စိတ်ခက်ထန်ကြမ်းတမ်းမှု ပဋိဃ (ဒေါသ) နှင့် ယှဉ်သော တိုက်တွန်းမှု မရှိသောအသင်္ခါရိက စိတ်တစ်ခု။

၂။ ...တိုက်တွန်းမှု ရှိသော သသင်္ခါရိက စိတ်တစ်ခု၊ ဤသည်တို့ကား ဒေါသမူစိတ် (၂)မျိုးတို့တည်း။

## မောဟမူစိတ် (၂) မျိုး

အသိမှားမှု မောဟလျှင် အကြောင်းရင်းခံ ရှိသောစိတ်

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် စိတ်တစ်ခု = လျစ်လျူရှုမှု ဥပေက္ခာဝေဒနာနှင့် အတူတကွ ဖြစ်သော သို့လော သို့လော တွေးတောယုံမှားမှု ဝိစိကိစ္ဆာနှင့် ယှဉ်သော စိတ်တစ်ခု။



၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် စိတ်တစ်ခု = လျစ်လျူရှုမှု ဥပေက္ခာဝေဒနာနှင့် အတူတကွ ဖြစ်သောစိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စနှင့် ယှဉ်သော စိတ်တစ်ခု၊ဤသည်တို့ကား မောဟမူစိတ် (၂)မျိုးတို့တည်း။

နောက်ဆက်တွဲရှင်းလင်းချက် (ဂ)

## အရူပါဝစရ ကုသိုလ်စျာန်တရား (၄) မျိုး

၁။ အာကာသာနဉ္စာယတန ကုသိုလ်စိတ် =အဆုံးအပိုင်းအခြား မရှိသော အာကာသ (ကောင်းကင်ပညတ်)လျှင် တည်ရာအာရုံ ရှိသော ကုသိုလ်စိတ်။

၂။ ဝိညာဏဉ္စာယတန ကုသိုလ်စိတ် = အာကာသာနဉ္စာယတန ကုသိုလ် ဝိညာဏ် (စိတ်)လျှင် တည်ရာအာရုံရှိသော ကုသိုလ်စိတ်၊

၃။ အာကိဉ္စညာယတန ကုသိုလ်စိတ် = အာကာသာနဉ္စာယတန ဝိညာဏ်၏ မရှိခြင်း "နတ္ထိဘာဝပညတ်"လျှင်တည်ရာအာရုံ ရှိသော ကုသိုလ်စိတ်။

၄။ နေဝသညာနာသညာယတန ကုသိုလ်စိတ် = သညာရှိသည်လည်း မဟုတ်, မရှိသည်လည်း မဟုတ်သော အာကိဉ္စညာယတန ကုသိုလ်စိတ်လျှင်တည်ရာအာရုံ ရှိသော ကုသိုလ်စိတ်။

နောက်ဆက်တွဲရှင်းလင်းချက် (ဃ)

ကာယသဉ္စေတနာ = ကာယဒွါရ၌ ဖြစ်သော (၈)ပါးသော ကာမကုသိုလ်စေတနာ, (၁၂ )ပါးသော အကုသိုလ်စေတနာသည်။ ကာယသင်္ခါရော = ကာယသင်္ခါရ မည်၏။ (၈+၁၂ =၂၀)။

## ၁၇။ ဟဒယဝတ္ထု

၁။ မနောဓာတ် + မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်ခြင်းသဘော လက္ခဏာ။

## ၁၈။ ကဗဠီကာရ အာဟာရ

၁။ စားမျိုအပ်သော အစာအာဟာရ၏ အဆီအစေး သြဇာသဘော လက္ခဏာ။

## ၁၉။ အာကာသဓာတ်

၁။ ရုပ်ကလာပ်တို့ကို ပိုင်းခြားတတ်သောသဘော လက္ခဏာ။

## ၂၀။ ကာယဝိညတ်

၁။ ရှေ့သို့တက်ခြင်း စသည်ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်၏ အတူဖြစ်သောရူပကာယကို ထောက်ပံ့ ခိုင်ခံ့စေခြင်း, ကောင်းစွာ တည်စေခြင်း, လှုပ်ရှားစေခြင်း၏ အကြောင်းဖြစ်သော (ဝါယောဓာတ်၏ သဘာဝသတ္တိစွမ်းအင် လွန်ကဲကုန်သော စိတ္တဇမဟာဘုတ်တို့၏) အမူအရာ အထူးသဘော လက္ခဏာ။

## ၂၁။ ဝစီဝိညတ်

၁။ စကားသံအထူးကို ဖြစ်စေတတ်သော, စကားသံဖြစ်ရာဌာန၌ တည်သော ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်း၏ အကြောင်းဖြစ်သော ပထဝီဓာတ်၏ သဘာဝသတ္တိ စွမ်းအင်လွန်ကဲကုန်သော စိတ္တဇမဟာဘုတ်တို့၏ ထူးခြားသောအမူအရာ သဘော လက္ခဏာ။



## အဟိတ် ကုသလဝိပါက်စိတ် (၈) မျိုး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်,
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်,
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်,
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်,
၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ်
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်,
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ်
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်

နောက်ဆက်တွဲရှင်းလင်းချက် (ဇ)

## ၁။ ပထဝီဓာတ်

၁။ ခက်မာခြင်း ( = တောင့်မာခြင်း, ခိုင်မာခြင်း) သဘော လက္ခဏာ။

## ၂။ အာပေါဓာတ်

၁။ ယိုစီးခြင်းသဘော လက္ခဏာ။

## ၃။ တေဇောဓာတ်

၁။ ပူမှုသဘော (အေးမှုသဘော) လက္ခဏာ။

## ၅။ စက္ခုပသာဒ

၁။ (က) ရူပါရုံ၌ (၏) ရှေးရှု ထိခိုက်ခြင်းကို ထိုက်သော, (ရှေးရှု ရိုက်ခတ်ခြင်းငှာ ထိုက်သော)မဟာဘုတ်တို့ကို ကြည်လင်စေခြင်းသဘော လက္ခဏာ။





## ၂၂။ ရူပဿ လဟုတာ

၁။ (က) စိတ်ကြောင့်ဖြစ်သော ရုပ်အစစ်တို့၏ မလေးမလံ မနေးကံမှုသဘော= ပေါ့ပါးမှုသဘော။

## ၂၃။ ရူပဿ မုဒုတာ

၁။ (က) စိတ်ကြောင့်ဖြစ်သော ရုပ်အစစ်တို့၏ မခက်ထန် မကြမ်းတမ်းမှုသဘော= နူးညံ့မှုသဘော လက္ခဏာ။

## ၂၄။ ရူပဿ ကမ္မညတာ

၁။ စိတ်+ဥတု+အာဟာရကြောင့် ဖြစ်ကုန်သော ရုပ်အစစ်တို့၏ ကိုယ်မှုကိစ္စတို့အားလျော်စွာအမှု၌ ခံ့ညားမှု အချိုးကျ အဆင်ပြေမှုသဘော လက္ခဏာ။

## ၂၅။ ရူပဿ ဥပစယ

၁။ (က) ဘဝတစ်ခု၌ ရုပ်အစစ်တို့၏ ရှေးဦးအစ ဖြစ်ခြင်းသဘော,( ခ ) ဣန္ဒြေပြည့်စုံသည့်တိုင်အောင် အထက်အထက်၌ တိုးတက်၍ ဖြစ်ခြင်းသဘော။

## ၂၆။ ရူပဿ သန္တတိ

၁။ ဣန္ဒြေပြည့်စုံပြီးနောက် ရုပ်အစစ်တို့၏ ရှေ့နောက် အစဉ်မပြတ် ဆက်ကာ ဆက်ကာဖြစ်ခြင်းသဘော လက္ခဏာ။

### ၆။ သောတပသာဒ

၁။ (က) သဒ္ဒါရုံ၌ (၏) ရှေးရှုထိခိုက်ခြင်းကို ထိုက်သော (ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော)မဟာဘုတ်တို့ကို ကြည်လင်စေခြင်းသဘော လက္ခဏာ။

### ၇။ ဃာနပသာဒ

၁။ (က) ဂန္ဓာရုံ၌ (၏) ရှေးရှုထိခိုက်ခြင်းကို ထိုက်သော (ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော)မဟာဘုတ်တို့ကို ကြည်လင်စေခြင်းသဘော လက္ခဏာ။

### ၈။ ဇိဝှါပသာဒ

၁။ (က) ရသာရုံ၌ (၏) ရှေးရှု ထိခိုက်ခြင်းကို ထိုက်သော (ရှေးရှု ရိုက်ခတ်ခြင်းငှာ ထိုက်သော)မဟာဘုတ်တို့ကို ကြည်လင်စေခြင်းသဘော လက္ခဏာ။

### ၉။ ကာယပသာဒ

၁။ (က) ဖောဋ္ဌဗ္ဗာရုံ၌ (၏) ရှေးရှုထိခိုက်ခြင်းကို ထိုက်သော (ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော)မဟာဘုတ်တို့ကို ကြည်လင်စေခြင်းသဘော လက္ခဏာ။

### ၁၀။ ရူပါရုံ

၁။ စက္ခုပသာဒ၌ (ကို) ထိခိုက်ခြင်းသဘော = ရိုက်ခတ်ခြင်းသဘော လက္ခဏာ။



### ၁၁။ သဒ္ဒါရုံ

၁။ သောတပသာဒ၌ (ကို) ထိခိုက်ခြင်း (ရိုက်ခတ်ခြင်း) သဘော လက္ခဏာ။

### ၁၂။ ဂန္ဓာရုံ

၁။ ဃာနပသာဒ၌ (ကို) ထိခိုက်ခြင်း = (ရိုက်ခတ်ခြင်း) သဘော လက္ခဏာ။

### ၁၃။ ရသာရုံ

၁။ ဇိဝှါပသာဒ၌ (ကို) ထိခိုက်ခြင်း (= ရိုက်ခတ်ခြင်း) သဘော လက္ခဏာ။

### ၁၄။ ဣတ္ထိန္ဒြေ = ဣတ္ထိဘာဝရုပ်

၁။ ဣတ္ထိ = အမျိုးသမီး ဖြစ်ကြောင်းသဘော လက္ခဏာ။

### ၁၅။ ပုရိသဘာဝရုပ်

၁။ အမျိုးသားဖြစ်ကြောင်းသဘော လက္ခဏာ။

### ၁၆။ ရုပ်ဇီဝိတ

၁။ အတူဖြစ်သော ကလာပ်တူ ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းသဘော လက္ခဏာ။



### ၂၇။ ရူပဿ ဇရတာ

၁။ ရုပ်အစစ်တို့၏ ရင့်ကျက်ခြင်း ဟောင်းခြင်းသဘော လက္ခဏာ။

### ၂၈။ ရူပဿ အနိစ္စတာ

၁။ ရုပ်အစစ်တို့၏ ထက်ဝန်းကျင်အားဖြင့် ပြိုပျက်ခြင်းသဘော လက္ခဏာ။

**"နောက်ဆက်တွဲပြီး၏"**



### ကျေးဇူးမှတ်တမ်း

ဤစာစုကိုတရားစခန်းပွဲအကြိမ်(၁၀၀)ပြည့်အမှီ ဓမ္မဒါနထုတ်ဝေနိုင်အောင်အပင်ပန်းခံကာဖြစ်ချင်၊လိုချင်သောဆန္ဒအတိုင်းမငြီးမငြူ စေတနာဖြူစွာကူညီပေးပါသော အရှင်စန္ဒိမာ(မဟာသဒ္ဓမ္မဇောတိကဓဇ) ပစ္စည်းလေးပါးဖြင့်မပင်ပန်း ရအောင်စောင့်ရှောက်လှူဒါန်းပေးခဲ့ကြသော ကျောင်းဒကာ၊ကျောင်းအမများ၊ ဒကာ-ဒကာမများ၊ ရဟန်းဒကာ ရဟန်းဒကာမများ၊ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။